# MDG လက်တွေ့ဖော်ဆောင်ရေး စိန်ခေါ်ချက်များ ကျော်လွှားရန် ကုလကိုကူညီဖို့ သမ္မတ ကတိပြု

သတင်းရင်းမြစ် > အောင်မင်း
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၁၂ နာရီ ၂၄ မိနစ်

မြန်မာသမ္မတ ဦးသိန်းစိန်က မိမိနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့၏ ၂၀၁၅ ခုနှစ် နှင့် ယင်းနှစ်အလွန် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက် (MDG) အား လက်တွေ့ဖော်ဆောင်ရန်တွင် ကြုံတွေ့ရမည့် အခက်အခဲများအား ကျော်လွှား
နိုင်ရန်အတွက် ကုလအဖွဲ့ဝင်နိုင်ငံများ၊ ၎င်းနိုင်ငံများမှ ပြည်သူများနှင့်အတူ ပူးပေါင်းကာ ကုလအား ကူညီသွားမည်ဟု ယခုသီတင်းပတ်ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

သမ္မတဦးသိန်းစိန်က (၆၈) ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့အခမ်းအနားအတွက် ပေးပို့သော ၎င်း၏ သဝဏ်လွှာတွင် ကတိကဝတ်ပြုလိုက်ခြင်းဖြစ်သည်။

"ဒီရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် လက်တွေ့ကောင်အထည်ဖော်မှု အခြေအနေတွေ တိုးတက် နေပေမယ့် လည်း ပြောင်းလဲနေသည့်အခြေအနေများ နှင့် အချိန်အခါများအောက်တွင် စိန်ခေါ်ချက် အသစ်များ ပေါ်ထွက်လာ လျက်ရှိသည်"ဟု ဦးသိန်းစိန်က ထောက်ပြသွားခဲ့ပြီး ကုလအနေဖြင့် အနာဂတ် စိန်ခေါ်ချက်များအား တုံ့ပြန်ဖြေရှင်း ရန်နှင့် မျှော်လင့်ချက်များ ပြည့်မီနိုင်စေရန်အတွက် ပိုကောင်းသော အနေအထားတွင်ရှိနေရန် လိုအပ်သည်ဟုလည်း အလေးအနက်ထည့်သွင်း ပြောကြားသွားခဲ့သည်။

ကုလ၏ MDG များမှာ သန်းပေါင်းများစွာသောဆင်းရဲသားများအား အလွန်အမင်းဆင်းရဲနေခြင်းမှ ကူညီကယ်တင်နိုင် ခဲ့သော သမိုင်းဝင်ဖော်ဆောင်မှုများရှိခဲ့သော်လည်း သမ္မတက ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင်လည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများရှိစေရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းချက်များအား ပြင်းပြင်းထန်ထန် ဆက်လက်ဆောင်ရွက် သင့်ကြောင်း အလေးအနက်ပြောကြားသွားခဲ့သည်။

ထို့အပြင် သမ္မတကဖွံ့ဖြိုးတိုးတက်ရေးအား အဟန့်အတားဖြစ်စေသော ကပ်ဘေးများအား ကာကွယ်မှုနှင့် ကပ်ဘေးအန္တရာယ်လျှော့ချရေးတို့အား နှစ်ဆမြှင့်တင်ရန် တောင်းဆိုလိုက်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာသော အန္တရာယ်များ လျှော့ချရေး၊ အမျိုးသမီးများ ပညာသင်ခွင့်နှင့် ကလေးများ၏ ကျန်းမာရေးကိစ္စရပ်များအား နီးနီးကပ်ကပ် အလေးပေးဆောင်ရွက်ရန်ကိုလည်း သမ္မတကတောင်းဆို လိုက်သည်။

ထို့အတူ သမ္မတဦးသိန်းစိန်က မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုစီးပွားရေးပြုပြင် ပြောင်းလဲမှုများအား ကုလသမဂ္ဂမှ မားမားမတ်မတ်ထောက်ပံ့ခဲ့ခြင်းအား ကျေးဇူးတင်ကြောင်း၊ ကုလ၏ ပိုမိုငြိမ်းချမ်းသာယာဝပြောသော ကမ္ဘာတစ်ခု တည်ဆောက်ရေးရည်မှန်းချက်အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများနှင့် အထောက် အကူပေးခြင်းများကို ထပ်မံကတိပြုလိုက်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Mizzima - News in Burmese
.